# ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး
# ၁၈ ရက်မြောက်နေ့ အစီအစဉ်
# [ ၁၄ - ၉ - ၂၀၁၁ ]
# ( ဗုဒ္ဓဟူးနေ့ )

၁။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ အမျိုးသားလွှတ်တော် ၁၈ ရက်မြောက်နေ့ အစည်းအဝေး အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း -

(က) ဦးမြင့်ထွန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀) ၏ **သာယာဝတီခရိုင်၊ လက်ပံတန်းမြို့နယ်၊ ကွမ်းခြံအုပ်စု၊ ကျေးနီရွာအနီး ဖွင့်လှစ်ထားသော ဇီဝနည်းပညာကျောင်းမှာ ကျောင်းသားများ မရှိတော့သဖြင့် ကျောင်းဆောင်အား မည်သို့ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ခ ) ဦးရဲမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၏ **ညောင်လေးပင်မြို့တွင် လူငယ်အများစုကို ထိန်းသိမ်းမြှင့်တင်ပေးနိုင်သည့် အသက်မွေးဝမ်းကျောင်း ပညာသင်စက်မှုလက်မှုအထက်တန်းကျောင်း သို့မဟုတ် အလားတူကျောင်းမျိုး ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

( ဂ ) ဦးပေါ်လျှံလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၏ **ပြည်တွင်းနယ်နိမိတ်များ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးဖုန်းမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၏ **ပြည်သူ့ရဲတပ်ဖွဲ့ အချုပ်ခန်းအသီးသီးရှိ အချုပ်သားများ စားသောက်ရေးကိစ္စ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( င ) ဦးမင်းမျိုးတင့်လွင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၏ **ကော့ကရိတ်မြို့နယ်အပါအဝင် ကြိုးပြင်တော(စားကျက်မြေ)များရှိ တစ်နိုင်တစ်ပိုင် စိုက်ပျိုးထားရှိသော ရာဘာခြံများကို ဥယျာဉ်ခြံမြေအဖြစ် ပြောင်းလဲသတ်မှတ်ပြီး နှစ်(၃၀) မြေဂရမ်များ ထုတ်ပေးရန် အစီအစဉ် ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( စ ) ဦးခမ်ဆွင်းမုန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၏ **ချင်းပြည်နယ်၊ တီးတိန်မြို့နယ်တွင် ကျေးရွာအုပ်စုများ တိုးချဲ့ ဖွဲ့စည်းပေးပါရန်** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဒေါက်တာတင်ရွှေ၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၏ **ရောဂါကြီး(၆)မျိုး ကုသနိုင်သော မြန်မာ့တိုင်းရင်းဆေးဝါးများကို အကောင်အထည်ဖော် ထုတ်လုပ်နိုင်ခြင်း ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ဇ ) ဒေါက်တာတင်ရွှေ၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၏ **အန္တရာယ်ဖြစ်စေနိုင်သော ဆေးဝါးများ၊ စားဖွယ်နှင့်ဖျော်ရည်အမျိုးမျိုးတို့ကို မည်သို့သော နည်းဖြင့် ကာကွယ်သွားမည့် အစီအစဉ်** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ဈ ) ဦးခင်မောင်(ခ)ဦးအောင်ကျော်ဦး၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၏ **စစ်တွေဆေးရုံကြီးတွင် အထူးကုဆရာဝန်ကြီးများ၊ ခေတ်မီရောဂါစစ်ဆေးသော စက်များ ဖြည့်တင်းပေးရန် အစီအစဉ် ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ည) ဦးလှစိုး၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၏ **တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့နယ်၊ ပြည်သူ့ဆေးရုံကြီးအား ခုတင်(၁၀၀)ဆံ့ ဆေးရုံသို့ အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က အတည်ပြုပြီး ပေးပို့လာသော မြန်မာနိုင်ငံတော် အသေးစားငွေရေးကြေးရေးလုပ်ငန်း ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေး စဉ်းစားရန် ဥပဒေကြမ်း ကော်မတီ၏ အစီရင်ခံစာနှင့်အတူ အဆိုတင်သွင်းခြင်း။

၇။ ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်က အတည်ပြုပြီး ပေးပို့လာသော ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာနှင့်အတူ အဆိုတင်သွင်းခြင်း။

၈။ ဦးအောင်ငြိမ်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၏ **ပြည်သူတို့ဘဝ ဥပဒေနှင့်အညီ အေးချမ်းသာယာစိတ်ချမ်းသာစွာဖြင့် လူနေမှုဘဝ လုံခြုံစွာ နေထိုင်နိုင်ရေးအတွက် တာဝန်ရှိသူအဆင့်ဆင့်တို့က ဥပဒေနှင့်အညီ ဆောင်ရွက်လုပ်ကိုင်နိုင်ပါရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို အောက်ပါ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်း ဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း-

(က) ဦးရှုမောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)

( ခ ) ဦးတင်မောင်ဝင်း၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)

( ဂ ) ဦးလှသိန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)

(ဃ) ဒေါ်နန်းနီနီအေး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)

( င ) ဦးရဲမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)

( စ ) ဦးစိုင်းဝင်းမောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)

(ဆ) ဦးဖေသောင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)

၉။ ဦးဖုန်းမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၏ **မတော်တဆထိခိုက်မှုအန္တရာယ်မှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် ဘေးကင်းလုံခြုံရေးအရာရှိ (Safety Officer) ခန့်ထားနိုင်ရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို အောက်ပါ လွှတ်တော်ကိုယ်စားလှယ်က ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်း ဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း-

- ဒေါက်တာမြင့်ကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)

၁၀။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ၁၈ ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် ၁၉ ရက်မြောက်နေ့ အစည်းအဝေး ဆက်လက် ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။